မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၃ ] ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် (၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်) } သောကြာနေ့ [ အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၃၄/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ ရက်)

**၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက်အက်ဥပဒေ၏ ဇယားဝင်ပြစ်မှုစာရင်းပါ ပြစ်မှုများကို ပြင်ဆင်သည့်အမိန့်**

၁။ ဤအမိန့်ကို ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက်အက်ဥပဒေ၏ ဇယားဝင်ပြစ်မှုစာရင်းပါ ပြစ်မှုများကို ပြင်ဆင်သည့်အမိန့်ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက်အက်ဥပဒေပုဒ်မ ၁၅ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဇယားဝင်ပြစ်မှုများစာရင်းပါ အစဉ် (ဂ) ကို ပယ်ဖျက်၍ အစဉ် (ဃ)၊ အစဉ် (င)နှင့် အစဉ်(စ) တို့တွင်ပါရှိသော ပြစ်မှုများကို အောက်ပါအတိုင်း အစားထိုးလိုက်သည်–

“(ဃ) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ အခန်း (၁၂) ပါ ပြစ်မှုများ၊

(င) အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ အခန်း (၄) ပါ ပြစ်မှုများ၊

(စ) ပို့ကုန်သွင်းကုန်ဥပဒေ အခန်း (၅) ပါ ပြစ်မှုများ။”

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

D/Hla Nu/2021 Gazette/ gazette (3) 1

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာနီနီဦး | ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ခ ) | ဒေါက်တာကျော်ထွန်း | ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ဂ ) | ဒေါက်တာအောင်ဝင်း | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာခင်ထိုက်ထိုက်လွင် | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(ကျောက်ဆည်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( င ) | ဒေါက်တာသန္တာသိန်း | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(မအူပင်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( စ ) | ဒေါ်ဖြူမာဝေ | ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

D/Hla Nu/2021 Gazette/ gazette (3) 2

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၂၀)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးစိုင်းထွန်းညို ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၂၁/၂၀၂၀)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဦးရဲကျော်မြ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) ဦးဝဏ္ဏဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၃) ဦးမောင်မောင်သန်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>(ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>ပြည်ထောင်စုဝန်ကြီးရုံး<br>(အလုပ်သမားရေးရာဆိုင်ရာ)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

D/Hla Nu/2021 Gazette/ gazette (3) 3

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၀)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၈ ရက်)

## နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၁။ ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များပါဝင်သော နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးဗဟိုကော်မတီကို ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ကောင်စီဝင်တစ်ဦး၊ နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးဗဟိုကော်မတီသည် ချမှတ်ထားသော ဦးတည်ချက်များနှင့်အညီ အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို အောင်မြင်စွာကျင်းပနိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာ (မူကြမ်း) အား အချိန်မီရေးသားပြုစု အတည်ပြုပေးခြင်း၊

(ခ) ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ကို ဖော်ဆောင်နိုင်မည့် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) အမျိုးသားအောင်ပွဲနေ့၏ အဓိပ္ပာယ်နှင့် အနှစ်သာရများကို လူငယ်လူရွယ်များသိရှိနားလည်ပြီး အမျိုးသားရေးစိတ်ဓာတ် ရင့်သန်ခိုင်မာစေရေးအတွက် ပြပွဲ၊ ပြိုင်ပွဲနှင့် ဟောပြောပွဲများ ကျင်းပနိုင်ရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီး၌ Online ဖြင့်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

D/Hla Nu/2021 Gazette/ gazette (3) 4

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၀၀၀/၂၀၂၀)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ပထမတန်း ရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးလုံးကျင်းထန်း<br>တ/၃၃၀၉ | ဘိုကလေး<br>ဧရာဝတီတိုင်းဒေသကြီး |
| ၂။ | ဦးမဟာဇလ<br>တ/၃၃၃၄ | မရမ်းကုန်း<br>ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးမျိုးမင်းသိန်း<br>တ/၃၃၃၉ | ရေစကြို<br>မကွေးတိုင်းဒေသကြီး |
| ၄။ | ဒေါ်ဇင်မာထွန်း<br>တ/၃၃၈၃ | မရမ်းကုန်း<br>ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဒေါ်ယဉ်ဝေစုဖြိုး<br>တ/၃၃၉၅ | ကျိုက်ထို<br>မွန်ပြည်နယ် |
| ၆။ | ဒေါ်အမ်ငြင်ဆားရ်<br>တ/၃၄၅၈ | မြစ်ကြီးနား<br>ကချင်ပြည်နယ် |
| ၇။ | ဦးသူရိန်<br>တ/၃၅၁၆ | ကမာရွတ်<br>ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၀၀၅/၂၀၂၀)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်တင်မာဝင်း<br>တ/၃၀၁၆ | သာယာဝတီ<br>ပဲခူးတိုင်းဒေသကြီး |

D/Hla Nu/2021 Gazette/ gazette (3) 5

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၂။ | ဒေါ်ယဉ်မွန်စိုး<br>တ/၃၀၃၃ | ဘီးလင်း<br>မွန်ပြည်နယ် |
| ၃။ | ဒေါ်နော်စေးစေးဝါးဖိုး<br>တ/၃၀၃၈ | စမ်းချောင်း<br>ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဒေါ်စုမြတ်မြတ်ငြိမ်း<br>တ/၃၂၉၅ | စမ်းချောင်း<br>ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးစိုးနိုင်ကျော်<br>တ/၃၃၀၃ | ဆားလင်းကြီး<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၆။ | ဦးငွေးလှိုင်<br>တ/၃၃၁၂ | သာစည်<br>မန္တလေးတိုင်းဒေသကြီး |
| ၇။ | ဒေါ်ဝတီလှိုင်းအိ<br>တ/၃၄၀၄ | မြိတ်<br>တနင်္သာရီတိုင်းဒေသကြီး |
| ၈။ | ဒေါ်သန္တာအေးလွင်<br>တ/၃၄၇၃ | မိုးညှင်း<br>ကချင်ပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**e-Government ဦးဆောင်ကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁ /၂၀၂၀)**

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်

( ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၁ ရက် )

**မြန်မာ ၄.၀ မူဝါဒနှင့် လုပ်ငန်းစဉ်များပြုစုရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ယနေ့ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဘဏ္ဍာရေး အပါအဝင် ကဏ္ဍအသီးသီးကို ဖွံ့ဖြိုးတိုးတက်စေရန် တိုးတက်ပြောင်းလဲလာသော Industry 4.0 နည်းပညာများနှင့် လုပ်ငန်းစဉ်များကိုအသုံးပြု၍ အကောင်အထည်ဖော်နိုင်ရေးအတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ ကဏ္ဍအသီးသီး ဘက်ပေါင်းစုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး စနစ်တကျ မူဝါဒချမှတ်ဆောင်ရွက်နိုင်ရန်အတွက် **မြန်မာ ၄.၀ မူဝါဒနှင့် လုပ်ငန်းစဉ်များပြုစုရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( ခ ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ဦးဘိုဘိုငယ် — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(င) ဒေါက်တာစိုင်းကျော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(စ) ဦးသောင်းတင် — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဆ) ဦးဝေဖြိုး — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဇ) ဒေါက်တာချာလီသန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

(ဈ) ဦးမင်းဇေယျာလှိုင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(ည) ဦးစိုးသိန်း — အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဋ) ဒေါက်တာထွန်းသူရသက် — တွဲဖက်အတွင်းရေးမှူး
ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

၂။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါ အကြောင်းအရာများအား ပြုစုရေးဆွဲရန် ဖြစ်သည်-

(က) မြန်မာ ၄.၀ အကောင်အထည်ဖော်ရေး အခြေခံသဘောတရား

(ခ) မြန်မာ ၄.၀ မဟာဗျူဟာရည်မှန်းချက်

(ဂ) မြန်မာ ၄.၀ အကောင်အထည်ဖော်ရေးမူဝါဒ

(ဃ) ကဏ္ဍအသီးသီး၏ ရည်မှန်းချက်နှင့် လုပ်ငန်းများ

(င) အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များနှင့် အချိန်ဇယား

မြင့်ဆွေ
ဥက္ကဋ္ဌ
e-Government ဦးဆောင်ကော်မတီ

D/Hla Nu/2021 Gazette/ gazette (3) 7

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၅၇၅/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၈ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၉/၂၀၂၀ ကို ရည်ညွှန်းလျက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက် အား အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀) အဖြစ် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၅၈၈/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၁၂၁/၂၀၂၀ကိုရည်ညွှန်းလျက်အာဆီယံရေးရာဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲကျော်မြ အား အာဆီယံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀) အဖြစ် တာဝန် ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၅၈၉/၂၀၂၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၁/၂၀၂၀ ကို ရည်ညွှန်းလျက် နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန် အား သံတမန်ရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀) အဖြစ် တာဝန်ဝတ္တရား များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၅၉၀/၂၀၂၀)

### နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီအား ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၂.၁၁.၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁၁ ၀၁ ၁၉ (၇၈၆၆) ရည်ညွှန်းပါစာဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဒုတိယဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန | အဖွဲ့ဝင် |

D/Hla Nu/2021 Gazette/ gazette (3) 8

| | | |
|---|---|---|
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အတွင်းရေးမှူး |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

အမိန့်အရ

အောင်ဆန်းစုကြည်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၀၀/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ မြကန်သာ ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၂၄၃၄/ခင်ဦး-E)၊ မြေအမျိုးအစား-အဆောက်အဦမြေ၊ ဦးပိုင်အမှတ် (၅၉) ရှိ **မြေဧရိယာ ၁.၈၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၉ ရက်စွဲပါ စာအမှတ်၊ ၂၃၇၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁.၈၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

D/Hla Nu/2021 Gazette/ gazette (3) 9

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၁/၂၀၂၀)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့၊ အမှတ် (၈) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်/အမည် (၄၂၀/မြစ်ခြေကွင်း)၊ မြေအမျိုးအစား – ရွာမြေ၊ မြေကွက်အမှတ် (၅၇/၃၆၅) ရှိ **မြေဧရိယာ ၀.၉၃ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၉ ရက်စွဲပါ စာအမှတ်၊ ၂၃၇၄/၁–ကော်မတီ/မြေ (ဗဟို)/၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရန် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၉၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၂/၂၀၂၀)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ ကာဘိုး ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၀၃၅/ကြောင်အိုကုန်းကွင်း)၊ မြေအမျိုးအစား – အခြားအဆောက်အဦမြေ၊ ဦးပိုင်အမှတ်–၅၁၊ ၆၇၊ ၆၈ ရှိ **မြေဧရိယာ ၁.၄၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၉ ရက်စွဲပါ စာအမှတ်၊ ၂၃၇၅/ ၁–ကော်မတီ/မြေ (ဗဟို)/ ၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁.၄၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၃/၂၀၂၀)

၁။ ကာကွယ်ရေးဝန်ကြီးဌာန၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က အသုံးပြုရန်မရှိသဖြင့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ ရွှေတွင်းကျေးရွာ၊ ကွင်းအမှတ်/အမည် (OSS/ကြေးတိုင်ပြင်)၊ မြေအမျိုးအစား – မြေရိုင်းမြေ၊ ဦးပိုင်အမှတ် (–) ရှိ **မြေဧရိယာ ၁၂၈၇.၄၆ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၂၆၀၁/၁–ကော်မတီ/မြေ (ဗဟို)/၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ကာကွယ်ရေးဝန်ကြီးဌာန၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်က အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၂၈၇.၄၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

D/Hla Nu/2021 Gazette/ gazette (3) 10

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၄/၂၀၂၀)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ ယန်းလောကျေးရွာနှင့် မိုင်းဇင်းကျေးရွာ၊ ကွင်းအမှတ်/အမည် – ၇၁/၇၅၊ မြေအမျိုးအစား – မီးရထားလမ်းမြေ၊ ဦးပိုင်အမှတ် –၂၊ ၂/၁၊ ၃၊ ၃/၁၊ ၃/၂၊ ၄၁/၁၊ ၄၁/၃၊ ၄၂၊ ၄၃၊ ၄၃/၁ ၊ ၄၃/၉၃၊ ၄၃/၉၄၊ ၅၈၊ ၅၈/၁၊ ၅၈/၂၊ ၅၉၊ ၅၉/၁၊ ၆၀၊ ၆၀/၁၊ ၆၂၊ ၆၂/၁၊ ၆၃၊ ၆၃/၁၊ ၆၄၊ ၆၄/၁ ရှိ **မြေဧရိယာ ၄၂.၄၂ ဧက** အား နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၂၆၀၃/၁–ကော်မတီ/မြေ (ဗဟို)/၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၄၂.၄၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၅/၂၀၂၀)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ကြဲကျေးရွာအုပ်စု၊ မီးလောင်ချောင်းကျေးရွာ၊ မြေအမျိုးအစား – ဥယျာဉ်မြေ၊ ကွင်း/အကွက်အမှတ်/အမည် (၈၀၆၊ မီးလောင်ချောင်းကော်ပါတ်ကွင်း)၊ ဦးပိုင်အမှတ် (၃) ရှိ မြေဧရိယာ ၀.၄၇ ဧက နှင့် ကွင်း/အကွက်အမှတ်/အမည် (၁၀၉/မီးလောင်ချောင်းကွင်း)၊ ဦးပိုင်အမှတ် (၂၄) ရှိ မြေဧရိယာ ၂.၀၃ ဧက၊ **စုစုပေါင်းမြေဧရိယာ ၂.၅၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၂၆၃၅/၁–ကော်မတီ/မြေ (ဗဟို)/၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂.၅၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၆/၂၀၂၀)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ လွှဲပြောင်းပေးရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ မြို့မအရှေ့ရပ် (ကင်းတားဝန်း)၊ ကွင်း/အကွက်အမှတ်/အမည် (၄၄၁/တောင်ဘက်တပ်ကွင်း)၊ မြေအမျိုးအစား–ဆည်မြောင်းမြေ၊ မြေကွက်အမှတ် ($\frac{၂၇၁}{၄၁၉}$) ရှိ **မြေဧရိယာ ၀.၂၂ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၂၆၃၇/၁–ကော်မတီ/မြေ (ဗဟို)/၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

D/Hla Nu/2021 Gazette/ gazette (3) 11

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၂၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၇/၂၀၂၀)

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်/ အမည် – ၂ (င)/ရွာမ၊ မြေအမျိုးအစား – မြို့မြေ၊ ဦးပိုင်အမှတ် ( က/၂၂ ) ရှိ **မြေဧရိယာ ၀.၁၀၁ ဧက** အား နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၂၆၃၈/၁–ကော်မတီ/ မြေ (ဗဟို)/၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၁၀၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၈/၂၀၂၀)

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ပန်းဘဲတန်းရပ်ကွက်၊ မြေအမျိုးအစား – မြို့မြေ၊ ကွင်းအမှတ် /အမည်–၈၀၀ (ညောင်ကုက္ကား)၊ ဦးပိုင်အမှတ် (၇၅/၁) ရှိ **မြေဧရိယာ ၀.၅၄၂ ဧက** အား နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ် အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၅ ရက်စွဲပါ စာအမှတ်၊ ၂၆၉၅/၁– ကော်မတီ/မြေ (ဗဟို)/၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရန်အတွက် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀.၅၄၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၉/၂၀၂၀)

၁။ ကာကွယ်ရေးဝန်ကြီးဌာန၊ ဗိုလ်ချုပ်ရုံး(ဒုဝတီရေတပ်စခန်းဌာနချုပ်)က ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်၊ ကုလားပုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်/အမည် (OSS/ကြေးတိုင်ပြင်)၊ မြေအမျိုးအစား – မြေလွတ် မြေရိုင်း၊ ဦးပိုင်အမှတ် (–) ရှိ **မြေဧရိယာ ၅.၇၃၉ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၅ ရက်စွဲပါ စာအမှတ်၊ ၂၆၉၆/၁–ကော်မတီ/ မြေ (ဗဟို)/၂၀၂၀ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

D/Hla Nu/2021 Gazette/ gazette (3) 12

၂။ ကာကွယ်ရေးဝန်ကြီးဌာန၊ ဧည့်ဝတီရေတပ်စခန်းဌာနချုပ်က ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၅.၇၃၉ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၁၂/၂၀၂၀)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၆၉/သဲဖြူကွင်း)၊ မြေကွက်အမှတ် (၃၂၅) ရှိ **မြေဧရိယာ ၆.၅၀ ဧက** အား **လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ သန်လျင်ပင်မဓာတ်အားခွဲရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၁၃/၂၀၂၀)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တောင်ဖီလာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၈၃၄-က/တောင်ဖီလာတောင်)၊ ဦးပိုင်အမှတ် (၁၈၇) **မြေဧရိယာ ၁.၁၀၁ ဧက** အား **ကလေးမြို့နယ် တရားရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၁၄/၂၀၂၀)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဇင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၈၂၈-မြင်းမွေးမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၄၆၊ ၄၇၊ ၄၈၊ ၄၉၊ F-၁၉၃၊ F-၂၀၂) ရှိ **မြေဧရိယာ ၄.၉၆ ဧက** အား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန **မဟာဓာတ်အားလိုင်းမှူးရုံး (အုန်းတော)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၁၅/၂၀၂၀)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ တဂဏန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂၉၉၁/ကောင်းကင်ထိပ်ကွင်း)၊ ဦးပိုင်အမှတ် (၈၇^က) ရှိ **မြေဧရိယာ ၁.၂၂ ဧက** အား ငါးလုပ်ငန်းဦးစီးဌာန **ရွှေဘိုခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည် အပ်နှံရမည်။

D/Hla Nu/2021 Gazette/ gazette (3) 13

## အမိန့်ကြော်ငြာစာအမှတ် (၄၁၆/၂၀၂၀)

၁။ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့၊ မင်းကံကြီးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၉-G၊ ဆရာဝန်အိမ်ရပ်)၊ ဦးပိုင်အမှတ် (၁၂-က/၂၊ ၁၂-ခ/၂)၊ **မြေဧရိယာ ၀.၈၆၆ ဧက** ရှိ မြေအား **တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၁၇/၂၀၂၀)

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တွန်းဇန်မြို့၊ ခေါဝုန်/လေးဆန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၂/တန်းမြှင့်)၊ ဦးပိုင်အမှတ် (၁၂၂)၊ **မြေဧရိယာ ၀.၁၆၀ ဧက** ရှိမြေအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ **တွန်းဇန်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၁၈/၂၀၂၀)

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့၊ တလန်လိုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၉/တလန်လို)၊ ဦးပိုင်အမှတ် (၁၁-က)၊ မြေကွက်အမှတ် (၁၉)၊ **မြေဧရိယာ ၀.၃၄၀ ဧက** ရှိမြေအား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ **ဖလမ်းခရိုင်သာသနာရေးမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန် အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၁၉/၂၀၂၀)

၁။ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်းမြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (OSS)၊ ဦးပိုင်အမှတ် (၂၀)၊ **မြေဧရိယာ ၂.၅၄၇ ဧက** ရှိ မြေအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ **နောင်မွန်းမြို့နယ်လျှပ်စစ်မှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၂၀/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ တူးမြောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၅/ ကွမ်တိုးကွင်း)၊ ဦးပိုင်အမှတ် (၂၀/၁) ရှိ **အရညဝါသီဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာ့ **မြေဧရိယာ**

**၀.၈၈ ဧက** အနက်မှ **၀.၀၈ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးအောင်ထွေး [၆/ရဖန (နိုင်) ၀၂၉၀၂၉]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၂၃/၂၀၂၀)

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့၊ ကယားပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် [၂ (က)/ကယားပိုင်း]၊ ဦးပိုင်အမှတ် (၆၅/၆၄) ရှိ **မြေဧရိယာ ၀.၂၉ ဧက** အား လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ **၆၆ (ကေဗွီ) မဟာဓာတ်အားလိုင်းမှူးရုံးစခန်းခွဲ (ဘောလခဲ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၂၄/၂၀၂၀)

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (ကွင်းပြင်)၊ ဦးပိုင်အမှတ် (-)၊ **မြေဧရိယာ ၀.၂၄၈ ဧက** ရှိ မြေအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား **မော်ချီးရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၂၅/၂၀၂၀)

၁။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့၊ ဗလိုင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၅/ဗလိုင်)၊ ဦးပိုင်အမှတ် (၆၁)၊ မြေကွက်အမှတ် (၁၅)၊ **မြေဧရိယာ ၀.၀၉၀ ဧက** ရှိမြေအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ **ဖလမ်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၂၆/၂၀၂၀)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ (၅) ရပ်ကွက်၊ ကွင်းအမှတ်/ အမည် – ၇/ရုံးကြီးရပ်၊ ဦးပိုင်အမှတ် (၈၇) ရှိ **မြေဧရိယာ ၀.၆၄၂ ဧက** အား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **ဖဒိုမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့အုပ်ချုပ်ရေးမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၂၇/၂၀၂၀)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မြို့မ (၅) ရပ်ကွက်၊ အကွက်အမှတ်/အမည် (၁၇/တောင်ပိုင်း)၊ ဦးပိုင်အမှတ် (၅၈၇၊ ၅၈၈၊ ၆၀၁၊ ၆၀၂) တို့ရှိ **မြေဧရိယာ ၀.၂၂၀ ဧက** အား **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၂၈/၂၀၂၀)

၁။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ ကုန်းသာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၃၀၂/ကုန်းသာတောင်)၊ ဦးပိုင်အမှတ် (၁၄/၄) ရှိ **မြေဧရိယာ ၆.၄၀ ဧက** အား **မင်းဘူးခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၂၉/၂၀၂၀)

၁။ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ ရပ်ကွက် (၂)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၄၆/ဈေးတရုတ်တန်းရပ်)၊ ဦးပိုင်အမှတ် (၁၀/ခ)၊ **မြေဧရိယာ ၀.၀၅၃ ဧက** အား စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ **လားရှိုးခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၃၀/၂၀၂၀)

၁။ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁/လေယာဉ်ကွင်း)၊ ဦးပိုင်အမှတ် (၂၁+၂၁ က+၂၂+၂၆+၇၂+၈၀)၊ မြေဧရိယာ **၁၂.၁၄ ဧက** အား **မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနပိုင်၊ အဝေးပြေးယာဉ်ရပ်နားစခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၃၁/၂၀၂၀)

၁။ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့၊ ဈေးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၃/စိုက်ပျိုးရေးရပ်)၊ ဦးပိုင်အမှတ် (၁၁)၊ **မြေဧရိယာ ၂.၀၈၀ ဧက** အား **နောင်ချိုမြို့နယ်စည်ပင်သာယာရေးဌာန၊ ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

D/Hla Nu/2021 Gazette/ gazette (3) 16

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၃၂/၂၀၂၀)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ အကွက်အမှတ်/အမည် (၄/ဥသျှစ်လှဘုရားကုန်းရပ်ကွက်)၊ ဦးပိုင်အမှတ် (၃၇/၂၅၊ ၆၀၊ ၆၃က) ရှိ **မြေဧရိယာ ၅.၆၇၄ ဧက** အား **အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညောင်တုန်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၃၃/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂ ရက်)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့၊ မြောက်ပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁-ခ/တံတိုင်းလှ)၊ ဦးပိုင်အမှတ် (၂၈/၈၅-ဃ) ရှိ **မြေဧရိယာ ၀.၁၈ ဧက** အား သာသနာရေးဦးစီးဌာန၊ **မြင်းမူမြို့နယ်သာသနာရေးမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၃၄/၂၀၂၀)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့၊ မြောက်ပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁-ခ/တံတိုင်းလှ)၊ ဦးပိုင်အမှတ် (၂၈/၈၅-င) ရှိ **မြေဧရိယာ ၀.၁၈ ဧက** အား **မြင်းမူမြို့နယ်ဥပဒေရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုရှေ့နေချုပ်ရုံး** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုရှေ့နေချုပ်ရုံး** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၃၅/၂၀၂၀)

၁။ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ ဈေးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၄၂/အထက်တန်းကျောင်းရပ်)၊ ဦးပိုင်အမှတ် (၁၈-က)၊ **မြေဧရိယာ ၁.၅၃၁ ဧက** အား **မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန (ရုံး၊ ဝန်ထမ်းအိမ်ရာ၊ ပစ္စည်းသိုလှောင်ရုံ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၃၆/၂၀၂၀)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ မဒေါ့ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၃၂/စမ်းကွင်း)၊ ဦးပိုင်အမှတ် (၄၁) ရှိ **ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာခွဲ**

D/Hla Nu/2021 Gazette/ gazette (3) 17

အခွန်လွတ်သာသနာ့မြေ **ဧရိယာ ၁၂.၇၂ ဧက** အနက်မှ **၀.၁၅ ဧက** အား ဗုဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးသီဟမိုးဇော် [၁၄/ပသန (နိုင်) ၀၃၈၈၆၈]** အား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၄၃၉/၂၀၂၀)**
နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်၊ ချင်းရွှေဟော်မြို့၊ မြို့အုပ်ချုပ်ရေးမှူးရုံးမှ အုပ်ချုပ်ရေးမှူး (ဒုတိယဦးစီးမှူး) ဦးလီကြားရှိုး (ခ) ဦးသက်ဦးပိုင် (ပ/၇၁၇၅) အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၄၄၁/၂၀၂၀)**
နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက်)

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၈၀-ဆေးရုံကြီးမြောက်)၊ ဦးပိုင်အမှတ် (၁၁)၊ **မြေဧရိယာ ၁.၈၂၄ ဧက** ရှိ မြေအား တိုင်းရင်းဆေးပညာဦးစီးဌာန၊ **ကယားပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၄၂/၂၀၂၀)**
နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ဦးခင်မောင်ကျော် (ပ/၃၃၄၄) အား သက်ပြည့်ပင်စင်ယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့အထိကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြိမ်းပယ်လိုက်သည်။

၂။ အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ဦးခင်မောင်ကျော် (ပ/၃၃၄၄) အား ငြိမ်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်မည့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၄၄၄/၂၀၂၀)**
နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက်)

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့၊ ကယားပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် [၂ (က)/ ကယားပိုင်း]၊ ဦးပိုင်အမှတ် (၅)၊ မြေကွက်အမှတ် (၇)၊ **မြေဧရိယာ ၀.၅၉၆ ဧက** ရှိမြေအား

D/Hla Nu/2021 Gazette/ gazette (3) 18

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာန၊ **ဘောလခဲမြို့နယ်ဦးစီးမှုးရုံး** မြေနေရာအဖြစ် အသုံးပြုရန် အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၄၅/၂၀၂၀)

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့၊ အမှတ် (၃) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၄၄/ကျောက်တိုင်ရပ်)၊ ဦးပိုင်အမှတ် (၅/၂)၊ မြေကွက်အမှတ် (၆၉/၁၅၀၊ ၇၀/၁၄၉) ရှိ **မြေဧရိယာ ၀.၃၉၉ ဧက** အား ပြည်တွင်းအခွန်များဦးစီးဌာန၊ **ကလောမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၄၆/၂၀၂၀)

၁။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ မင်းရွာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်- ၅၉၇/၁၂၀၉/မင်းရွာတောင်ကွင်း၊ ဦးပိုင်အမှတ် (၁ᶜ) ရှိ **မြေဧရိယာ ၁.၃၇၇ ဧက** အား **တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနရုံး၊ မွန်ပြည်နယ်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၄၇/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၈ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်အေးအေးချစ် (ပ/၃၁၂၀) အား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၂၃၃ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

မင်းသူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

D/Hla Nu/2021 Gazette/ gazette (3) 19

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၆၉/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂ ရက်)

အကျဉ်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယကြီးကြပ်ရေးမှူး (၈) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | က ၃၇၅၁ - ဒုတိယကြီးကြပ်ရေးမှူး<br>ဦးကိုကိုလတ်<br>ဒိုက်ဦးဗဟိုအကျဉ်းထောင် | ဒုတိယတာဝန်ခံ<br>ရွှေဘိုအကျဉ်းထောင် |
| (၂) | က ၃၆၁၇ - ဒုတိယကြီးကြပ်ရေးမှူး<br>ဦးမြတ်မင်းစိုး<br>သာယာဝတီဗဟိုအကျဉ်းထောင် | ဦးစီးအရာရှိ<br>မန္တလေးဗဟိုအကျဉ်းထောင် |
| (၃) | က ၃၈၂၉ - ဒုတိယကြီးကြပ်ရေးမှူး<br>ဦးစည်သူအောင်<br>မိုးညှင်းဗဟိုအကျဉ်းထောင် | ဒုတိယစခန်းတာဝန်ခံ<br>ဇင်းကျိုက်ကုန်ထုတ်စခန်း |
| (၄) | က ၃၇၆၆ - ဒုတိယကြီးကြပ်ရေးမှူး<br>ဦးဇော်မင်းထွန်း<br>ကင်းသာ (၁) ကုန်ထုတ်စခန်း | ဦးစီးအရာရှိ<br>ကျိုက်မရောဗဟိုအကျဉ်းထောင် |
| (၅) | က ၃၈၆၁ - ဒုတိယကြီးကြပ်ရေးမှူး<br>ဒေါ်လှလှဝေမိုး<br>ထောက်ပံ့ရေးဌာနစု | ဦးစီးအရာရှိ<br>ထောက်ပံ့ရေးဌာနစု |
| (၆) | က ၃၉၉၇ - ဒုတိယကြီးကြပ်ရေးမှူး<br>ဦးချစ်စမ်းမောင်<br>ချင်းပြည်နယ်ဦးစီးမှူးရုံး<br>(စီမံကိန်းလုပ်ငန်းဌာနတွဲဖက်) | ဦးစီးအရာရှိ<br>အင်းစိန်ဗဟိုအကျဉ်းထောင် |
| (၇) | က ၃၆၅၂ - ဒုတိယကြီးကြပ်ရေးမှူး<br>ဦးသိန်းကိုကိုဝင်း<br>ခန္တီးအကျဉ်းထောင် | ဒုတိယတာဝန်ခံအရာရှိ<br>မြစ်ကြီးနားအကျဉ်းထောင် |
| (၈) | က ၃၈၂၄ - ဒုတိယကြီးကြပ်ရေးမှူး<br>ဦးဝင်းလွင်ထွန်း<br>ဖန်းမော်အကျဉ်းထောင် | ဦးစီးအရာရှိ<br>လေ့ကျင့်ရေးဌာန |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၇၀/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့မှ လ ၁၀၇၅၉၅ - ရဲအုပ် နိုင်ဝင်း အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် - ရဲ ၇၀၆၁ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

D/Hla Nu/2021 Gazette/ gazette (3) 20

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၇၇/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၈ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်းမှ ကျောင်းအုပ်ကြီး ရဲ ၂၀၀၀ – ရဲမှူးချုပ် လေးစိုး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၈၂/၂၀၂၀)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ချင်းပြည်နယ်ရဲတပ်ဖွဲ့သို့ တွဲဖက်တာဝန်ချထားသော အမှတ် (၂) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲ ၂၄၈၅ – ရဲမှူးကြီး ညွန့်လွင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၈၆/၂၀၂၀)**

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံးမှ (စ/၁၆၅၃) ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၈၇/၂၀၂၀)**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃–ထ/၂) ၂၀၂၀ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့် ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၂) ဦးတို့အား ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

(၁) ကြည်း ၅၃၂၂၉ – ဗိုလ်ကြီး ဟိန်းဇင်အောင်
အမှတ် (၁၈) ခြေမြန်တပ်ရင်း

(၂) ကြည်း ၅၅၄၅၈ – ဗိုလ်ကြီး တင်မင်း
အမှတ် (၅) ခြေမြန်တပ်ရင်း

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၈၈/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ တာမွေမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲ ၄၂၀၇ – ယာယီရဲမှူး အောင်မျိုးလွင် အား ယာယီခန့်ကာလ (၁) နှစ် (၆) လ ပြည့်မြောက်သည့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်။

D/Hla Nu/2021 Gazette/ gazette (3) 21

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၈၉/၂၀၂၀)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၇ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၀ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့် ပြုခဲ့သည့် အမှတ် (၁၁၃) ခြေမြန်တပ်ရင်းမှ ကြည်း ၄၈၀၄၀ - ဗိုလ်ကြီး ကျော်ဇင်သန့် အား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမင်းဇော်ဝင်း အား ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်စွဲပါ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၀ ဖြင့် လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုထားသော ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိ (၃) ဦးတို့အား အောက်ဖော်ပြပါ ဌာနများတွင် လစ်လပ်လျက်ရှိသော ရာထူးနေရာများ၌ တာဝန် ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ကြည်း ၃၈၁၄၅ | ဗိုလ်မှူး အောင်မျိုးဌေး<br>တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)<br>အကောက်ခွန်ဦးစီးဌာန |
| (၂) | ကြည်း ၆၄၂၈၃ | ဗိုလ်ကြီး နေကိုထက်<br>အမှတ် (၄၁၂) ခြေမြန်တပ်ရင်း<br>ဦးစီးအရာရှိ<br>လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အကောက်ခွန်ဦးစီးဌာန |

D/Hla Nu/2021 Gazette/ gazette (3) 22

(၃) ကြည်း ၇၀၆၇၁ ဗိုလ်ကြီး အောင်ကျော်ကျော်
အမှတ် (၈၁) ခြေလျင်တပ်ရင်း
ဦးစီးအရာရှိ
လစာနှုန်း(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
ပြည်တွင်းအခွန်များဦးစီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၀/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး လစာနှုန်း(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးကျော်လွင်ဦး အား ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ၁၉၉၂ ခုနှစ် အကောက်ခွန်နှုန်း ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ယခုအခါတွင် COVID-19 ကြောင့် ဖြစ်ပေါ်နေသော စီးပွားရေးကျဆင်းမှုကို ကုစားသည့်အနေဖြင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိထားပြီး တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအနက် နိုင်ငံတော်အစိုးရက မော်တော်ယာဉ် တင်သွင်း/ဝယ်ယူခွင့်ပြုမည့် နိုင်ငံ့ဝန်ထမ်းများအတွက် လူစီးမော်တော်ယာဉ်များပေါ်တွင် ကောက်ခံလျက်ရှိသော အကောက်ခွန်နှုန်းထားများအား အောက်ပါအတိုင်း ဖြေလျှော့ခွင့်ပြုလိုက်သည်-

| စဉ် | မော်တော်ယာဉ် အမျိုးအစား | ပြည်ပယာဉ်အကောက်ခွန်ခ | | SKD ယာဉ်အကောက်ခွန်ခ | |
|---|---|---|---|---|---|
| | | ပြည်သူများအတွက် လက်ရှိ ကောက်ခံနှုန်း (%) | နိုင်ငံ့ဝန်ထမ်းများ အတွက် ဖြေလျှော့၍ ကောက်ခံမည့်နှုန်း(%) | ပြည်သူများအတွက် လက်ရှိ ကောက်ခံနှုန်း(%) | နိုင်ငံ့ဝန်ထမ်းများ အတွက် ဖြေလျှော့၍ ကောက်ခံမည့်နှုန်း(%) |
| (က) | 2000 CC နှင့်အောက် | ၂၀% | ၅% | ၀% | ၀% |
| ( ခ ) | 2001 CC နှင့်အထက် | ၃၀% | ၁၀% | ၅% | ၀% |

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၂၀) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

D/Hla Nu/2021 Gazette/ gazette (3) 23

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်)

**အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၂၄ တို့အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ပိတ်သိမ်းခြင်း**

အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၏ သဘောတူဆုံးဖြတ်ချက်များအရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ အတည်ပြုပြီးဖြစ်သော အသေးစားငွေရေး ကြေးရေးလုပ်ငန်းပိတ်သိမ်းသည့် အောက်ပါအဖွဲ့အစည်း (၅) ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ပြန်လည်ပိတ်သိမ်းလိုက်သည်-

| စဉ် | အဖွဲ့အစည်းအမည် | လိုင်စင်အမှတ် |
|---|---|---|
| ၁။ | လူမှုအသိပညာဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှုအသင်း | ၀၁၇၀/၂၀၁၃ |
| ၂။ | စိန်နဒီစံကုမ္ပဏီလီမိတက် | ၀၁၇၅/၂၀၁၃ |
| ၃။ | သန်းလျှံကုမ္ပဏီလီမိတက် | ၀၁၇၇/၂၀၁၃ |
| ၄။ | Dariu Microfinance Co.,Ltd | ၀၂၆၉/၂၀၁၆ |
| ၅။ | i-Cash Microfinance Co.,Ltd | ၀၃၁၈/၂၀၁၉ |

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၀)**

**အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၂၄ တို့အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း**

အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၏ သဘောတူဆုံးဖြတ်ချက်များအရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ အတည်ပြုပြီးဖြစ်သော အသေးစားငွေရေး ကြေးရေး လုပ်ငန်းလုပ်ကိုင်လိုသည့် အောက်ပါအဖွဲ့အစည်း (၃) ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးလိုက်သည်-

| စဉ် | အဖွဲ့အစည်းအမည် | လိုင်စင်အမှတ် |
|---|---|---|
| ၁။ | မြစ်ရှမ်းမိုက်ခရိုဖိုင်းနန့်စ်ကုမ္ပဏီလီမိတက် | ၀၂၈၄/၂၀၂၀ |
| ၂။ | အေဝိုင်အိုအသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက် | ၀၂၉၆/၂၀၂၀ |
| ၃။ | မေတ္တာရွှေမိုးမိုက်ခရိုဖိုင်းနန့်စ်ကုမ္ပဏီလီမိတက် | ၀၃၀၄/၂၀၂၀ |

စိုးဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

D/Hla Nu/2021 Gazette/ gazette (3) 24

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ လစာနှုန်း (၄၁၈,၀၀၀၊ ၄,၀၀၀-၄၃၈,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင် အား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူ အကျိုးငှာ ငြင်းပယ်လိုက်သည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင် အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားယူရန် ကြိုတင် ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

သူရဦးအောင်ကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများ

## ကာကွယ်ထိန်းသိမ်းရေးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၀)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ဤအမိန့်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **မြေယာရှင်းနယ်မြေ** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ မြို့မြေနှင့် ရွာမြေ မဟုတ်သည့် အခြားမြေများကို ဆိုသည်။ ယင်းမြေများတွင် ရှေးဟောင်းအဆောက်အအုံ၊ ရှေးဟောင်းနေရာ၊ လယ်ယာမြေ၊ မြစ်ချောင်းနှင့် သစ်တောများလည်း ပါဝင်သည်။

(ခ) **လူနေအခြေချနယ်မြေ** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ မြို့မြေနှင့် ရွာမြေများကို ဆိုသည်။

D/Hla Nu/2021 Gazette/ gazette (3) 25

(ဂ) **စောင့်ကြည့်ကာလ** ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည့်နေရာတွင် တူးဖော်မှုလုပ်ငန်းစတင်ချိန်မှ ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားတစ်ခုခုကိုတွေ့ရှိ၍ ထိုတူးဖော်မှုလုပ်ငန်းများကို ရပ်ဆိုင်းစေသည့်အချိန်အထိ ရှေးဟောင်းသုတေသနပညာရှင်က စောင့်ကြည့်ကြီးကြပ်သော အချိန်ကာလကို ဆိုသည်။

(ဃ) **အရေးပေါ်ကယ်ဆယ်ရေး ရှေးဟောင်းသုတေသနလုပ်ငန်း** ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည့်မြေနေရာတွင် ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားတစ်ခုခုကို တူးဖော်တွေ့ရှိပါက ယင်းအထောက်အထားများကို မှတ်တမ်းရယူ၍ ဖယ်ရှားရန် သို့မဟုတ် နေရာရွှေ့ပြောင်း ထိန်းသိမ်းရန်ဆောင်ရွက်သည့် ရှေးဟောင်းသုတေသနဆိုင်ရာ စမ်းသပ်တူးဖော်မှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းကို ဆိုသည်။

(င) **တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီ** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို ဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်။

၂။ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း နေထိုင်သည့် ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါတို့ကို အခြေခံအချက်များအဖြစ် ကျင့်သုံးဆောင်ရွက်ရမည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လုပ်ငန်းများလုပ်ကိုင်ခွင့်ပြုရာတွင် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းနိုင်ရန် အစဉ်သတိပြုရမည်။

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရိုးရာအစဉ်အလာလုပ်ငန်းများနှင့် ရိုးရာအတိုင်း မြေအသုံးချမှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

(ဂ) အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ သို့မဟုတ် အများပြည်သူနှင့်တစ်စိတ်တစ်ပိုင်းအားဖြင့် သက်ဆိုင်သောနေရာများကို ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည်။

၃။ မြေယာရှုခင်းနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် အောက်ပါအချက်များကို အခြေခံအချက်များအဖြစ် ကျင့်သုံးဆောင်ရွက်ရမည်-

(က) ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြေယာရှုခင်းနေရာကို ကာကွယ်ထိန်းသိမ်းရန် ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် မူလမြေယာ၏ အသွင်အပြင်ကို ပြောင်းလဲရန်လိုအပ်ပါက မူလအသွင်အပြင် မပျောက်ပျက်နိုင်သည့် ပြောင်းလဲခြင်းမျိုးကို ဆောင်ရွက်ရမည်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်းများနှင့်သက်ဆိုင်သော လုပ်ငန်းကိစ္စများတွင် လယ်ယာမြေဥပဒေနှင့်အညီ ခွင့်ပြုချက်များရယူဆောင်ရွက်စေရမည်။

(ခ) မြေပေါ် မြေအောက် ရှေးဟောင်းအမွေအနှစ်များနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ရမည်။

၄။ လူနေအခြေချနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် အောက်ပါအချက်များကို အခြေခံအချက်များအဖြစ် ကျင့်သုံးဆောင်ရွက်ရမည်-

(က) ရိုးရာမူလပုံသဏ္ဌာန်များရှိသည့် ရင်ပြင်၊ လမ်း၊ ရေကန်စသည့် အများပြည်သူနှင့်သက်ဆိုင်သော နေရာများကို မူလပုံသဏ္ဌာန်အတိုင်း ထိန်းသိမ်းရမည်။ ပုံစံ၊ နယ်နိမိတ်နှင့် ဝိသေသလက္ခဏာများကို ပြောင်းလဲခြင်း၊ အစားထိုးခြင်း မပြုလုပ်ရ။

D/Hla Nu/2021 Gazette/ gazette (3) 26

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်နေသောနေရာများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှုရှိရန် စီစဉ်ဆောင်ရွက်ရမည်။ ရှေးဟောင်း အဆောက်အအုံများအား ထိခိုက်ပျက်စီးမှုမရှိစေရန်နှင့် လုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများကို ယဉ်ကျေးမှုအမွေအနှစ်ဒေသပြင်ပသို့ စွန့်ပစ်နိုင်ရန် သတ်မှတ်ပေးရမည်။

၅။ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ ဝင်ရောက်နိုင်သည့် လမ်းကြောင်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်-

(က) ညောင်ဦးလေဆိပ်ကို တိုးချဲ့မှုမပြုလုပ်ရန်နှင့် ATR 72 လေယာဉ်အမျိုးအစား သို့မဟုတ် အလားတူ လေယာဉ်မျိုးမှအပ ယင်းထက်ကြီးမားသော လေယာဉ်များ ဆင်းသက်ခြင်း မပြုရန်၊

(ခ) ပုဂံနှင့် အနီးအနားရှိ လေယာဉ်ကွင်းများအား အဆင့်မြှင့်တင်ရန်နှင့် ပုဂံဒေသသို့ လွယ်ကူစွာ ဆက်သွယ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) ညောင်ဦးမြို့သို့ ဆက်သွယ်ထားသော မီးရထားလမ်းများ အဆင့်မြှင့်တင်ရန်နှင့် အနီးပတ်ဝန်းကျင်ရှိ လေယာဉ်ကွင်းများနှင့် ဆက်သွယ်နိုင်ရေးညှိနှိုင်းပေးရန်၊

(ဃ) ရေနွေးငွေ့အင်ဂျင်သုံး ရထားများဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လှည့်လည်ကြည့်ရှုနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ပေးရန်၊

(င) ဧရာဝတီမြစ်ကြောင်းမှ ပုဂံသို့ ရေကြောင်းခရီးဖြင့် လာရောက်နိုင်မှုကို မြှင့်တင်ရန်၊ သင်္ဘောကြီး များကို ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ညအိပ်ရပ်နားခွင့်မပြုရန်၊

(စ) ဆိပ်ခံဇောတံတားများ၊ ရေကြောင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းရပ်များအတွက် မဖြစ်မနေလိုအပ်သည့် အခြေခံအဆောက်အအုံများကို ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း တည်ဆောက်လိုပါက အလွယ်တကူ ပြောင်းရွှေ့နိုင်သည့်ပုံစံမျိုးဖြင့် တည်ဆောက်ရန်၊ ဧရာဝတီမြစ်အနောက်ဘက်ကမ်းသို့ ပို့ဆောင်သည့် ကူးတို့ သင်္ဘောလုပ်ငန်းကို အဆင့်မြှင့်တင်ရန်၊

(ဆ) မန္တလေး၊ ပခုက္ကူ၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ချောက်မြို့များနှင့် ဆက်သွယ်ထားသော ကားလမ်းများ၊ အဆင့်မြှင့်တင်ရန်နှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် သင့်လျော်သော ကားလမ်း အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရန်၊

(ဇ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း မော်တော်ယာဉ်သွားလာမှု လမ်းကြောင်းများကို ကောင်းစွာ လည်ပတ်နေစေအောင် စနစ်တကျစီမံဆောင်ရွက်ရန်၊ ကမ္ဘာလှည့်ခရီးသည်များ လွယ်ကူစွာသွားလာ နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန်၊

(ဈ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း မော်တော်ယာဉ်ကြီးများ၊ မော်တော်ယာဉ်ငယ်များ၊ နှစ်ဘီးတပ် ယာဉ်များနှင့် စက်မဲ့ယာဉ်များ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန်နှင့် ယင်းဒေသရှိ လူအသွားအလာများသော ရှေးဟောင်းအဆောက်အအုံများ၏ အပြင်ဘက်တွင် ယာဉ်ရပ်နားရန် နေရာများ စီစဉ်ပေးရန်၊

(ည) အရေးပေါ်အခြေအနေတွင် သူနာပြုယာဉ်နှင့် မီးသတ်ယာဉ်များ ပုံမှန်သွားလာနိုင်ရေးအတွက် လမ်းကြောင်းများ စီစဉ်ဆောင်ရွက်ထားရှိရန်၊

(ဋ) ကြားခံဒေသအတွင်းတွင် လူနေဧရိယာများနှင့် လေယာဉ်ကွင်း၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ အဝေးပြေးလမ်း၊ ယာဉ်ရပ်နားကွင်းတို့ကို ချိတ်ဆက်စီမံထားရှိပေးရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် အများပြည်သူ ပို့ဆောင်ရေးလုပ်ငန်းများ စီစဉ်ပေးရန်၊

D/Hla Nu/2021 Gazette/ gazette (3) 27

(ဋ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ခရီးသွားလာခြင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို အနည်းဆုံးထားရှိရန်၊ လမ်းများချဲ့ထွင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ပြောင်းလဲခြင်းတို့ ပြုလုပ်ရာတွင် အသေးစိတ်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန်၊ ယင်းလုပ်ငန်းများဆောင်ရွက်ရာ၌ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့်လျှောက်ထားခြင်းများနှင့်သက်ဆိုင်သော လုပ်ငန်းကိစ္စများတွင် လယ်ယာမြေ ဥပဒေနှင့်အညီ ခွင့်ပြုချက်များ ရယူဆောင်ရွက်စေရန်၊

(ဌ) ကြားခံဒေသအတွင်းရှိ လမ်းများ ပြုပြင်ပြောင်းလဲမှုပြုလုပ်ရာ၌ ရှေးဟောင်းအမွေအနှစ်များ၊ မြေပေါ် မြေအောက်ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိခိုက်မှုမရှိစေရေး သတိပြုဆောင်ရွက်ရန်၊

(ဍ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ လမ်း၏ မျက်နှာပြင်ကို လိုအပ်မှ ပြောင်းလဲရန်၊

(ဎ) ကြားခံဒေသတွင် ရှေးဟောင်းအမွေအနှစ်များနှင့် မြေအောက်ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိခိုက်မှုမရှိစေရေးအတွက် ကွန်ကရစ်နှင့် နိုင်လွန်ကတ္တရာ အသုံးပြုမှုကို မော်တော်ယာဉ်ကြီးများ သွားလာခွင့်ပြုသည့်နေရာ၌သာ ဆောင်ရွက်ရန်။

၆။ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း အခြေခံ အဆောက်အအုံများ ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံအချက်များ အဖြစ် ကျင့်သုံးဆောင်ရွက်ရမည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရှေးဟောင်းရေမြောင်းနှင့် သဘာဝရေဆင်းမြောင်းများကို ထိန်းသိမ်းကာကွယ်ထားရန်၊

(ခ) လူနေအခြေချနယ်မြေအတွင်းရှိ လမ်းမများနှင့် လမ်းသွယ်များတွင် ရေစီးရေလာကောင်းမွန်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ဂ) မြေအောက်ရေမြောင်းတူးဖော်ခြင်းကို ရှေးဟောင်းအမွေအနှစ်များ ဘေးအန္တရာယ်ပြမြေပုံနှင့် ဦးစီးဌာန၏ စောင့်ကြည့်စစ်ဆေးမှုများအပေါ် အခြေခံ၍ဆောင်ရွက်ရန်၊ လိုအပ်ပါက အရေးပေါ် ကယ်ဆယ်ရေး၊ ရှေးဟောင်းသုတေသနလုပ်ငန်း ပြုလုပ်ပြီးမှ ခွင့်ပြုရန်၊

(ဃ) မြေအောက်ရှေးဟောင်းအမွေအနှစ်များမရှိသည့် နေရာများတွင် မိလ္လာအညစ်အကြေးများ စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် မိလ္လာကန်များ၊ ရေဆိုးထုတ်မြောင်းများကို စနစ်တကျ စီမံဆောင်ရွက်ရန်၊

(င) မြို့၊ ရွာများအတွင်း မြေအောက်ရှေးဟောင်းအမွေအနှစ်များ မရှိသည့်နေရာတွင် ရေသွယ်ပိုက်များ တပ်ဆင်ရန် မြေတူးလုပ်ငန်းလုပ်ကိုင်ပါက ရှေးဟောင်းအမွေအနှစ်များ ဘေးအန္တရာယ်ပြမြေပုံနှင့် စောင့်ကြည့်စစ်ဆေးမှုများပြုလုပ်ပြီး လိုအပ်ပါက အရေးပေါ်ကယ်ဆယ်ရေး ရှေးဟောင်းသုတေသန လုပ်ငန်း ပြုလုပ်ပြီးမှ ဆောင်ရွက်ခွင့်ပြုရန်၊ လူနေထိုင်ရာ အပြင်ဘက်တွင် ပိုက်များသွယ်တန်းပါက အမွေအနှစ်ထိခိုက်မှု ဆန်းစစ်ချက်ပြုလုပ်ပြီးမှ ဆောင်ရွက်ခွင့်ပြုရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လျှပ်စစ်မီးများသွယ်တန်းရာတွင် မီးကြိုးများကို လမ်းမ၊ လမ်းသွယ်များနှင့် အပြိုင်သွယ်တန်းရန်၊ လမ်းမ၊ လမ်းသွယ်များကိုဖြတ်၍ သွယ်တန်းခြင်းမပြုရန်၊ လျှပ်စစ်ကေဘယ်ကြိုးများကို လမ်းဘေးဝဲယာတွင် မြေမြှုပ်၍ သွယ်တန်းရန်၊ မလိုအပ်ပါက မြေကြီးကို တူးဖော်ခြင်း မပြုလုပ်ရန်၊

(ဆ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း လျှပ်စစ်မီးသွယ်တန်းရာတွင် မြေတူးလုပ်ငန်း လုပ်ကိုင်ပါက ရှေးဟောင်းအမွေအနှစ်များ ဘေးအန္တရာယ်ပြမြေပုံနှင့်စိစစ်၍ အမွေအနှစ်ထိခိုက်မှု ဆန်းစစ်ချက် ပြုလုပ်ပြီးမှဆောင်ရွက်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုရှိပါက အရေးပေါ်ကယ်ဆယ်ရေး ရှေးဟောင်းသုတေသနလုပ်ငန်းဆောင်ရွက်ရန်၊ မီးအားမြှင့်စက်၊ ထရန်စဖော်မာ (Transformer) များ တည်ဆောက်ရန် လိုအပ်ပါက ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မြင်ကွင်းကို ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးဟောင်းအဆောက်အအုံများကို လျှပ်စစ်မီး သွယ်တန်းရာတွင် မြင်ကွင်းနှောင့်ယှက်မှုမရှိအောင် သတိပြုဆောင်ရွက်ရန်နှင့် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ဓာတ်တိုင်အမျိုးအစားကို အသုံးပြုရန်၊

D/Hla Nu/2021 Gazette/ gazette (3) 28

(ဇ) အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၌ လျှပ်စစ်မီးသွယ်တန်းရာတွင် အဆိုပါဒေသ၏ မူလမြင်ကွင်းနှင့် ပတ်ဝန်းကျင်ကို မထိခိုက်စေရန်၊

(ဈ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ပွဲတော်များနှင့် အခြားပွဲလမ်းသဘင်များတွင် လျှပ်စစ်မီး အသုံးပြုရာ၌ ကေဘယ်ကြိုးများကို မြင်သာမှုမရှိစေရေး ဖုံးကွယ်ထားရန်၊

(ည) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ဆောင်မှုများ အတွက် ကေဘယ်ကြိုးများသွယ်တန်းရာတွင် လမ်းမ၊ လမ်းသွယ်များနှင့်အပြိုင်သွယ်တန်းရန်၊ လမ်းမ၊ လမ်းသွယ်များကိုဖြတ်၍ သွယ်တန်းခြင်းမပြုရန်၊ ကေဘယ်ကြိုးများကို လမ်းဘေးဝဲယာတွင် မြေမြှုပ်၍ သွယ်တန်းရန်၊ မလိုအပ်ပါက မြေကြီးကိုတူးဖော်ခြင်းမပြုလုပ်ရန်၊

(ဋ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ကေဘယ်ကြိုးများသွယ်တန်းရာတွင် မြေတူးလုပ်ငန်း လုပ်ကိုင်ပါက ရှေးဟောင်းအမွေအနှစ် ဘေးအန္တရာယ်ပြမြေပုံနှင့်စိစစ်၍ အမွေအနှစ်ထိခိုက်မှု ဆန်းစစ်ချက်ပြုလုပ်ပြီးမှဆောင်ရွက်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုရှိပါက အရေးပေါ် ကယ်ဆယ်ရေး ရှေးဟောင်းသုတေသနလုပ်ငန်းစီစဉ်ဆောင်ရွက်ရန်၊

(ဌ) ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးဟောင်းအဆောက်အအုံများကို ကေဘယ်ကြိုးများသွယ်တန်းရာတွင် မြင်ကွင်းကို နှောင့်ယှက်မှုမရှိအောင် ဆောင်ရွက်ရန်၊

(ဍ) ရေပိုက်လိုင်းများ၊ ဂက်စ်ပိုက်လိုင်းများ၊ ရုပ်သံဖမ်းတိုင်များ၊ လေအေးပေးစက်များနှင့် စက်ကိရိယာများ တပ်ဆင်အသုံးပြုရာတွင် ပေါ်လွင်ထင်ရှားမှုမရှိအောင် ဆောင်ရွက်ရန်၊

(ဎ) အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေးအတွက် စည်းကမ်းချက်များသတ်မှတ်၍ အမှိုက်စွန့်ပစ်ရန် နေရာများသတ်မှတ်ပေးရန်၊ မှန်၊ သတ္တု၊ ပလတ်စတစ် စသည့် ပြန်လည်အသုံးပြုနိုင်သည့်ပစ္စည်းများ စွန့်ပစ်ရန်အမှိုက်များ စသည်ဖြင့် အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်နိုင်ရေးဆောင်ရွက်ရန်၊ ပြန်လည် အသုံးချနိုင်သည့် နည်းစနစ်ကို ပိုမိုသုံးစွဲနိုင်ရေးအတွက် အမှိုက်ပုံးများကို ဒေသနှင့်လိုက်လျောညီထွေသော ဒီဇိုင်းများအသုံးပြု၍ လိုအပ်သောနေရာများတွင် စနစ်တကျချထားပေးရန်နှင့် ပုံမှန်အမှိုက်သိမ်းသည့်စနစ်ကို ဆောင်ရွက်ရန်နှင့် သီးနှံအကြွင်းအကျန်၊ အမှိုက်နှင့် စွန့်ပစ်ပစ္စည်းများကို မြေဆွေးပုံများပြုလုပ်၍ ရရှိသည့် သဘာဝမြေသြဇာများကို လယ်ယာမြေများတွင် ထည့်သွင်းသုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်ရွက်ရန်။

၇။ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆောင်ရွက်မည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို အခြေခံအချက်အဖြစ် ကျင့်သုံးရန် စိစစ်ကြပ်မတ်ရမည်–

(က) မြေယာရှုခင်းများကို ထိန်းသိမ်းရန်၊ မြေပေါ်၊ မြေအောက်အမွေအနှစ်များအနီးရှိ လယ်ယာမြေများတွင် ယဉ်ကျေးမှုအမွေအနှစ်များကို မထိခိုက်အောင် ဆောင်ရွက်ရန်၊

(ခ) ရိုးရာအစဉ်အလာစိုက်ပျိုးသော ရာသီသီးနှံများကို ပိုမိုစိုက်ပျိုးရန်၊ မြေပဲ၊ နှမ်းနှင့် ရာသီသီးနှံတို့ကို အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရန်၊ ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံ အမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးလိုပါက မြေပေါ်၊ မြေအောက်အမွေအနှစ်များကို ထိခိုက်မှု မရှိစေရေးနှင့် မြင်ကွင်းနှောင့်ယှက်မှု မရှိစေရေးတို့ကို ဆောင်ရွက်ရန်၊

(ဂ) ဆည်မြောင်းနှင့် ရေစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် စီမံချက်ရေးဆွဲခြင်း၊ အစက်ချရေသွင်းခြင်း အစရှိသည့် သဘာဝပတ်ဝန်းကျင်အခြေအနေများနှင့် မြေပေါ်၊ မြေအောက် အမွေအနှစ်များအား မထိခိုက်စေနိုင်သော စနစ်များကို အသုံးပြုရန်၊ ကြားခံဒေသတွင် ဆည်မြောင်းစနစ်များကို အဓိကထား၍ အသုံးပြုရန်၊ မြေအောက်ရေ စုပ်ထုတ် အသုံးပြုခြင်းကို တတ်နိုင်သမျှလျှော့ချရန်၊

(ဃ) ထွန်ယက်စိုက်ပျိုးခြင်းများပြုလုပ်ရာတွင် နွားများဖြင့်သာ ထွန်ယက်စိုက်ပျိုးရန်၊ စက်ကိရိယာများ အသုံးပြုပါက မြေအောက်အနက်တွင်ရှိသော ရှေးဟောင်းအမွေအနှစ်များ ထိခိုက်မှုမရှိမှ အသုံးပြုခွင့်ပေးရန်၊

(င) သစ်ပင်ကြီးများနှင့် အပင်ငယ်များ စိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ ယခင်တည်ရှိခဲ့သော သစ်ပင်ချုံနွယ်များ နေရာတွင် အလားတူအရွယ်အစားရှိသည့်အပင်များ အစားထိုးစိုက်ပျိုးရန်၊ ယာမြေနယ်နိမိတ် သတ်မှတ်၍ စိုက်ပျိုးရန်နှင့် ထန်းပင်များကို အဓိကစိုက်ပျိုးရန်၊ ထန်းပင်မဟုတ်သည့် အခြား

သစ်ပင်များစိုက်ပျိုးခြင်း၊ အထွေထွေစိမ်းလန်းစိုပြည်ရေးစီမံကိန်းများ ပြုလုပ်ခြင်းတို့ကို ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသတွင် မြေပေါ်၊ မြေအောက်အမွေအနှစ်များ ထိခိုက်မှုမရှိမှ ပြုလုပ်ရန်နှင့် ကြားခံဒေသတွင် ယင်းဒေသနှင့်သင့်လျော်မှုရှိသော စိုက်ပျိုးခြင်းများကို ဆောင်ရွက်ရန်။

၈။ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆောင်ရွက်မည့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို အခြေခံအချက်အဖြစ် ကျင့်သုံးရန် စိစစ်ကြပ်မတ်ရမည်–

(က) သဘာဝကုန်းမြေဒေသများအား မြေလွှာတိုက်စားမှုမဖြစ်စေရန် သင့်လျော်သောကာကွယ်မှုများ ပြုလုပ်ပေးရန်၊

(ခ) ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် ဆက်စပ်လျက်ရှိသော ဧရာဝတီမြစ်ကို ညစ်ညမ်းမှုမဖြစ်စေရေး၊ ကမ်းပါးပြိုမှုမဖြစ်စေရေး လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသအတွင်းရှိ ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွံ့ဖြိုးမှုဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရန်၊ ကြားခံဒေသအတွင်းရှိ ဧရာဝတီမြစ်ကမ်း တစ်လျှောက်တွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသ အတွင်းရှိ ကျွန်းများတွင် ရိုးရာနှင့် ယာယီအဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ကို ခွင့်ပြုရန်၊ မြေရင့်များဖြစ်သော ကျွန်းမြေများတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့်လျှောက်ထားခြင်းများနှင့်သက်ဆိုင်သော လုပ်ငန်းကိစ္စများတွင် လယ်ယာမြေ ဥပဒေနှင့်အညီ ခွင့်ပြုချက်များ ရယူဆောင်ရွက်စေရန်၊

(ဂ) သဘာဝရေအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်း၊ အင်းအိုင်နှင့် ကန်များ၊ ရှေးဟောင်းရေအရင်းအမြစ်များဖြစ်သည့် ရေသိုလှောင်ကန်များနှင့် ကျုံးများကို ကာကွယ်ထိန်းသိမ်းရန်၊ ရှေးဟောင်းရေမြောင်းနှင့် သဘာဝရေသွယ်ယူပေးဝေသည့်စနစ်များကို ထိန်းသိမ်းရန်နှင့် လိုအပ်ပါက ရေကြီးရေလျှံသည့် သဘာဝဘေးအန္တရာယ်ကို လျှော့ချနိုင်ရေးအတွက် ပြန်လည်ဖော်ထုတ်အသုံးပြုနိုင်ရန်၊ ရေတွင်း၊ ရေကန်၊ ရေသိုလှောင်သည့်နေရာ၊ မြစ်ချောင်း၊ သဘာဝရေထွက်ပေါက်၊ တူးမြောင်း၊ ရေပူစမ်း၊ ရေအရင်းအမြစ်နှင့် ရေကြောင်းတို့ကို မြေဖို့ခွင့်မပြုရန်။

၉။ တိုင်းဒေသကြီးထိန်းသိမ်းရေးကော်မတီသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ မြေယာရှုခင်း နယ်မြေများအတွင်း ဆောင်ရွက်မည့် ပွဲတော်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ကြော်ငြာများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို အခြေခံအချက်များအဖြစ် ကျင့်သုံးဆောင်ရွက်ရမည်–

(က) ရာစုနှစ်ပေါင်းများစွာကျင်းပလာခဲ့သည့် ရိုးရာပွဲတော်များ၊ စီတန်းလှည့်လည်ပွဲများ၊ ဘုရားပွဲတော်များ၊ အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများတွင် ကျင်းပသည့်ပွဲများကို အားပေးကူညီရန်နှင့် ဆက်လက် ကျင်းပခွင့်ပြုရန်၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် ပုဂ္ဂလိကစီးပွားရေးအတွက် ဆောင်ရွက်မည့်ကိစ္စ များကို အသုံးပြုခွင့်မပြုရန်၊ ပတ်ဝန်းကျင်အနေအထား၊ ပုံသဏ္ဌာန်တို့ကို နှောင့်ယှက်ဖျက်ဆီးမှု မရှိသောနေရာတွင် ခွင့်ပြုရန်၊

(ဂ) စီးပွားရေးအလို့ငှာ အသုံးပြုသောကြော်ငြာများ၊ ဆိုင်းဘုတ်များ၊ ပိုစတာများ၊ စာတန်း ချိတ်ဆွဲထားမှုများကို ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသအတွင်း ခွင့်မပြုရန်၊

(ဃ) ကြားခံဒေသအတွင်း သတ်မှတ်သည့်နေရာများ၌ စည်းကမ်းချက်များနှင့်အညီ ကြော်ငြာများကို ခွင့်ပြုရန်။

သူရဦးအောင်ကို
ဥက္ကဋ္ဌ
အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများ
ကာကွယ်ထိန်းသိမ်းရေးကော်မတီ

D/Hla Nu/2021 Gazette/ gazette (3) 30

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၆၂/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၁ ရက်စွဲပါစာအမှတ်၊ ၁၄၇၈၆/၅-၁၅၀/ အစရ (ရှမ်း) ပါ ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါစာအမှတ်၊ ၀၂/၀/၆၆၉- မြေတိုင်း/အဖရ (၂၀၁၉) အတည်ပြုချက်အရ ရှမ်းပြည်နယ်အတွင်းမှ ခရိုင် (၁၂) ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ (၄) ခုအတွင်းရှိ မြို့နယ် (၅၀) ၌ ကျေးရွာ မြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွက်ကျဲ၊ ကွက်စိပ်၊ မြေတိုင်းတာခြင်းလုပ်ငန်းများ၊ မြေစာရင်းမြေပုံထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အရ ပူးတွဲပါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးများအား နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူးများအား နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

**ရှမ်းပြည်နယ်အတွင်း နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) နှင့်**
**နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) များ၏စာရင်း**

| စဉ် | ခရိုင်/ကအဒ/ မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) |
|---|---|---|---|
| ၁ | **တောင်ကြီးခရိုင်** | | |
| | (က) တောင်ကြီးမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| | ( ခ ) ညောင်ရွှေမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| | ( ဂ ) ကလောမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| | (ဃ) ရပ်စောက်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| | ( င ) ဖယ်ခုံမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| ၂ | **လွိုင်လင်ခရိုင်** | | |
| | (က) လွိုင်လင်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |

D/Hla Nu/2021 Gazette/ gazette (3) 31

| စဉ် | ခရိုင်/ကအဒ/<br>မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ<br>(Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ<br>(Demarcation Officer) |
|---|---|---|---|
| | ( ခ ) လဲချားမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | ( ဂ ) နမ့်စန်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | (ဃ) ကွန်ဟိန်းမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | ( င ) ကျေးသီးမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | ( စ ) မိုင်းကိုင်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | (ဆ) မိုင်းရှူးမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| ၃ | **လင်းခေးခရိုင်**<br>(က) လင်းခေးမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | ( ခ ) မိုးနဲမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | ( ဂ ) မောက်မယ်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | (ဃ) မိုင်းပန်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| ၄ | **ကျိုင်းတုံခရိုင်**<br>(က) ကျိုင်းတုံမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | ( ခ ) မိုင်းခတ်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |

D/Hla Nu/2021 Gazette/ gazette (3) 32

| စဉ် | ခရိုင်/ကအဒ/<br>မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ<br>(Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ<br>(Demarcation Officer) |
|---|---|---|---|
| | ( ဂ ) မိုင်းယန်းမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | (ဃ) မိုင်းပျဉ်းမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| ၅ | **မိုင်းဆတ်ခရိုင်**<br>(က) မိုင်းဆတ်မြို့နယ် | <br>မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | <br>မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | ( ခ ) မိုင်းတုံမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| ၆ | **တာချီလိတ်ခရိုင်**<br>(က) တာချီလိတ်မြို့နယ် | <br>မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | <br>မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | ( ခ ) မိုင်းဖြတ်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | ( ဂ ) မိုင်းယောင်းမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| ၇ | **လားရှိုးခရိုင်**<br>(က) လားရှိုးမြို့နယ် | <br>မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | <br>မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | ( ခ ) သိန္နီမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | ( ဂ ) တန့်ယန်းမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | (ဃ) မိုင်းရယ်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |
| | ( င ) ကွမ်းလုံမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန |

D/Hla Nu/2021 Gazette/ gazette (3) 33

| စဉ် | ခရိုင်/ကအဒ/ မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) |
|---|---|---|---|
| ၈ | **မူဆယ်ခရိုင်** (က) မူဆယ်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| | ( ခ ) နမ့်ခမ်းမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| | ( ဂ ) ကွတ်ခိုင်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| ၉ | **ကျောက်မဲခရိုင်** (က) ကျောက်မဲမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| | ( ခ ) သီပေါမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| | ( ဂ ) နောင်ချိုမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| | (ဃ) နမ္မတူမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| ၁၀ | **မိုးမိတ်ခရိုင်** (က) မိုးမိတ်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| | ( ခ ) မဘိမ်းမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| ၁၁ | **ဟိုပန်ခရိုင်** (က) ဟိုပန်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| ၁၂ | **မက်မန်းခရိုင်** (က) မက်မန်းမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |

D/Hla Nu/2021 Gazette/ gazette (3) 34

| စဉ် | ခရိုင်/ကအဒ/<br>မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ<br>(Boundary Officer) | နယ်နိမိတ်ကြေပ်မတ်ရေးအရာရှိ<br>(Demarcation Officer) |
|---|---|---|---|
| ၁၃ | **ပအိုဝ်း (ကအဒ)**<br>(က) ဟိုပုံးမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |
| | (ခ) ဆီဆိုင်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |
| | (ဂ) ပင်လောင်းမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |
| ၁၄ | **ဓနု (ကအဒ)**<br>(က) ရွာငံမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |
| | (ခ) ပင်းတယမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |
| ၁၅ | **ပလောင် (ကအဒ)**<br>(က) နမ့်ဆန်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |
| | (ခ) မန်တုံမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |
| ၁၆ | **ကိုးကန့် (ကအဒ)**<br>(က) လောက်ကိုင်မြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |
| | (ခ) ကုန်းကြမ်းမြို့နယ် | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

D/Hla Nu/2021 Gazette/ gazette (3) 35

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၆/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၀) ဆုံးဖြတ်ချက်အရ ကုန်းလမ်းပို့ဆောင်ရေးက ဒုတိယအင်ဂျင်နီယာချုပ်၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးဝင်းမြင့်သိန်း ကို လစ်လပ်လျက်ရှိသည့် အင်ဂျင်နီယာချုပ်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၈/၂၀၂၀)**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၀) ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနက လက်ထောက်အထွေထွေမန်နေဂျာ(စက်မှု)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်ထားထားနွယ် ကို လစ်လပ်လျက်ရှိသည့် ဒုတိယအထွေထွေမန်နေဂျာ(စက်မှု)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၂/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၀) ဆုံးဖြတ်ချက်အရ Sankyo Frontier Technologies Myanmar Co.,Ltd သည် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်စွဲပါ ရင်းနှီးမြှုပ်နှံခွင့်ပြုမိန့်အမှတ် TSEZ-IP-100 အရ Promotion Zone တွင် Manufacture and Service/Rental and Engineering & Design လုပ်ငန်းတွင် အသုံးပြုရန်အတွက် တင်သွင်းခဲ့သည့် 5R-3266, Hino,Truck With Crane(6x2)L, Model 2020 မော်တော်ယာဉ်(၁)စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ အဆိုပါယာဉ်သည် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေပုဒ်မ ၄၄(ဃ) နှင့် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ကြော်ငြာချက်အမှတ် (၅/၂၀၁၅) နှင့်အညီ တင်သွင်းလာသော ယာဉ်ဖြစ်ခြင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသော ယာဉ်ဖြစ်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ အရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

D/Hla Nu/2021 Gazette/ gazette (3) 36

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၃/၂၀၂၀)

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၀) ဆုံးဖြတ်ချက်အရ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေဖြင့် ZIG Trading Co.,Ltd မှ ဝယ်ယူခဲ့သည့် 4R – 9312၊ 4R – 9317၊ 4R – 9318 မီးသတ်ရေသယ်ယာဉ် (၃) စီးနှင့် 4R – 9319၊ 4R – 9320၊ 4R – 9321 မီးငြှိမ်းသတ်ယာဉ် (၃) စီး စုစုပေါင်းယာဉ် (၆) စီးတို့ကို ပြည်ပ တင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူထားသောယာဉ်များဖြစ်ခြင်း၊ တင်သွင်းယာဉ်များသည် မီးသတ်ယာဉ်များဖြစ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် အသုံးပြုသည့်ယာဉ်များဖြစ်ခြင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ကုန်သွယ် လုပ်ငန်းခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသောယာဉ်များဖြစ်ခြင်း၊ ဌာနက ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ် ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းနှင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ အရ ဝန်ကြီးဌာနက အမိန့် ကြော်ငြာစာထုတ်ပြန်၍ ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့် ပတ်သက်သည့် အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈၄/၂၀၂၀)

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၀) ဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် Future Gift International Co.,Ltd က ဝယ်ယူတင်သွင်းခဲ့သော 5R–1037, 5R–1038, 5R–1042 (Dong Feng), Fire Fighting Truck (4x2)L, 2020 Model မီးငြှိမ်းသတ်ယာဉ် (၃) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ငွေလုံး ငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူထားသော ယာဉ်များဖြစ်ခြင်း၊ တင်သွင်းယာဉ်များသည် မီးငြှိမ်းသတ်ယာဉ် များဖြစ်ခြင်း၊ မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့်ယာဉ်များဖြစ်ခြင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့် ပြုထားသော ယာဉ်များဖြစ်ခြင်း၊ ဌာနက ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ် ရက်လွန်ဒဏ်ကြေး တို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းနှင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၂ အရ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ဖောင်းကြွ နံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့်ပတ်သက်သည့် အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

D/Hla Nu/2021 Gazette/ gazette (3) 37

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈၅/၂၀၂၀)

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၀) ဆုံးဖြတ်ချက်အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနတွင် အသုံးပြုရန် တင်ဒါအောင်မြင်ခဲ့သော Htut Htet Co.,Ltd က ဝယ်ယူခဲ့သော Nissan Ambulance သူနာတင်ယာဉ် (၂၀) စီးကိုလည်းကောင်း၊ M Ka Trading Co.,Ltd က ဝယ်ယူခဲ့သော Toyota Ambulance သူနာတင်ယာဉ် (၂၅) စီးကိုလည်းကောင်း၊ Myanmar Trade Center Co.,Ltd က ဝယ်ယူခဲ့သော Toyota Hiace သူနာတင်ယာဉ် (၂၅) စီးကိုလည်းကောင်း စုစုပေါင်း သူနာတင်ယာဉ် (၇၀) စီးတို့ကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ တင်သွင်းယာဉ်များသည် သူနာတင်ယာဉ်များဖြစ်ခြင်း၊ သူနာတင်ယာဉ် (၇၀) စီးအတွက် ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်တို့ကို ပေးဆောင်ထားသော်လည်း ဌာနကထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ် ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းနှင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ အရ ဝန်ကြီးဌာနကအမိန့်ကြော်ငြာစာထုတ်ပြန်၍ ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့်ပတ်သက်သည့် အခကြေးငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

သန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၅/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၃၂/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ စီမံခန့်ခွဲရေးဌာနတွင် လစ်လပ်လျက်ရှိသည့် အထွေထွေမန်နေဂျာ (စီမံရေး)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူး (၁) နေရာသို့ မြန်မာ့သစ်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ စီမံခန့်ခွဲရေးဌာနမှ ဒုတိယအထွေထွေမန်နေဂျာ (စီမံရေး) ဦးခင်မောင်ကြည် အား တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

D/Hla Nu/2021 Gazette/ gazette (3) 38

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ်(၇၈/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက်)

**e-Commerce Law (မူကြမ်း) ရေးဆွဲရေး ကော်မတီအဖွဲ့ ဖွဲ့စည်းခြင်း**

၁။　စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဦးစီး၍ e-Commerce နှင့်ပတ်သက်သည့် ဥပဒေရေးရာနှင့် စည်းမျဉ်းစည်းဘောင်များ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် **e-Commerce Law (မူကြမ်း) ရေးဆွဲရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဦးမင်းမင်း　　ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ဦးကိုကိုလေး　　ဒုတိယဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဂ) ရဲမှူးကြီးညွန့်ဝေ　　အဖွဲ့ဝင်
ဌာနမှူး
မှုခင်းရဲတပ်ဖွဲ့၊ နည်းပညာမှုခင်းဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ဒေါက်တာခင်စန္ဒာဝင်း　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အသိဉာဏ်ပညာပစ္စည်းမူပိုင်ခွင့်ဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(င) ဒေါ်စိုးစိုးလွင်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အကောက်ခွန်ဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(စ) ဒေါ်ရီမာမြင့်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ငွေကြေးမူဝါဒနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဆ) ဒေါ်အေးအေးမာ　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စာရင်းဌာန
မြန်မာနိုင်ငံတော်ဘဏ်

D/Hla Nu/2021 Gazette/ gazette (3) 39

(ဇ) ဦးဆန်းမြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဈ) ဦးသန်းဌေး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဥပဒေစိစစ်အကြံပြုရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ည) ဒေါ်မွန်သူဇာခင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ဋ) ဒေါ်နွယ်နီစိုးရင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
e-Government ဌာန
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဌ) ဦးမျိုးခိုင်ဝင်း — တွဲဖက်အတွင်းရေးမှူး(၁)
ဒုတိယညွှန်ကြားရေးမှူး
သတင်းအချက်အလက်နည်းပညာဌာနခွဲ
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဍ) ဒေါ်နှင်းခိုင်အေး — တွဲဖက်အတွင်းရေးမှူး(၂)
ဒုတိယညွှန်ကြားရေးမှူး
e-Government ဌာန
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ e-Commerce Law (မူကြမ်း) ရေးဆွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါ အချက်များအပါအဝင် ဥပဒေပိုင်းဆိုင်ရာ ပြည့်စုံစွာပါဝင်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါသည်-

(က) ဥပဒေပြုကြမ်းပြုစုရေးဆွဲရာတွင် အများပြည်သူ၏ အီလက်ထရောနစ်စီးပွားရေး လုံခြုံမှုရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(ခ) ထုတ်ပြန်/ပြဋ္ဌာန်းပြီး စီးပွားရေးဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့် အမိန့်ကြော်ငြာစာများကို ခေတ်နှင့်အလိုက် လိုက်လျောညီထွေမှုရှိစေရေးအတွက် လေ့လာသုံးသပ် ပြုစုသွားရန်၊

(ဂ) မြန်မာနိုင်ငံ၏ အီလက်ထရောနစ်စီးပွားရေးစနစ်များ ပိုမိုကျယ်ပြန့်စွာ အကောင်ထည်ဖော်ဆောင်နိုင်ရန်၊

(ဃ) မြန်မာနိုင်ငံ၏ အီလက်ထရောနစ်စီးပွားရေးစနစ်များကို ကာကွယ်ပေးနိုင်သော ဥပဒေ၊ နည်းဥပဒေများ တည်ဆောက်ကာကွယ်ပေးနိုင်ရန်၊

( င ) နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်သည့် လုပ်ငန်းစဉ်များ ထည့်သွင်းစဉ်းစားရန်၊

( စ ) ဥပဒေနှင့်စပ်လျဉ်း၍ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေး အကြံပြုတင်ပြရန်နှင့် ကြိုတင်ပြင်ဆင်ထားရှိရန်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ ရက်)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးမျိုးသူ အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ကာလ (၄) လ ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့အထိကာလကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အခန်း (၈)၊ နည်းဥပဒေ (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးမျိုးသူ အား ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့်နောက်တစ်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အခန်း (၂၁)၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

အမှတ် ၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်စွဲပါစာအမှတ်၊ ၄မက (ခ) ၂၀၂၀/၂၀၅၃၁ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ဆေးပညာဌာနမှ ပါမောက္ခဒေါက်တာမာမာကြည် (ဆမ-၁၀၄၁၅) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

အမှတ် ၂။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၄ ရက်စွဲပါစာအမှတ်၊ ၄မက (ခ) ၂၀၂၀/၂၀၈၀၂ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)၊ ဓာတုဗေဒဌာနမှ ကထိက/ဌာနမှူး ဒေါ်ခင်သိန်း အား

D/Hla Nu/2021 Gazette/ gazette (3) 41

အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂ ရက်)

အမှတ် ၃။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂၃/၂၀၂၀) ဆုံးဖြတ်ချက်အရ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲမှ ဦးစီးအရာရှိ (စီမံရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဒေါက်တာရဲဝင်းလျှံ (ဆမ-၃၉၆၃၉) M.B.,B.S အား နေပြည်တော်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ စီမံရေးဌာနခွဲရှိ ဦးစီးအရာရှိ (စီမံရေး) ရာထူးသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူး နေရာ ခန့်ထားလိုက်သည်။

အမှတ် ၄။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂၃/၂၀၂၀) ဆုံးဖြတ်ချက်အရ ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ) ဇီဝဓာတုဗေဒသုတေသနဌာနခွဲမှ သုတေသနအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဒေါက်တာသက်ဦးဝေ (ဆမ-၂၃၆၂၂) M.B.,B.S အား နေပြည်တော်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဆေးပစ္စည်း/အလှကုန်ဌာနခွဲရှိ ဦးစီးအရာရှိ (ဆေးပစ္စည်း) ရာထူးသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးနေရာ ခန့်ထားလိုက်သည်။

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက်)

အမှတ် ၅။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်နှင့် ကယားပြည်နယ် အစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄၂/၂၀၂၀) များအရ ကယားပြည်နယ်ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံကြီး/ဆေးရုံ/တိုက်နယ်ဆေးရုံများတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်ရာထူးနေရာများအတွက် ရွေးချယ်ခံရသူ အောက်ဖော်ပြပါပုဂ္ဂိုလ်အား ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ပြည်သူ့ဆေးရုံကြီးတွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့် လက်ထောက်ဆရာဝန် (သစ်လွင်) အဖြစ် ခန့်ထားလိုက်သည်-

| **ဆမ** | **အမည်** |
|---|---|
| ၄၉၁၂၂ | ဒေါက်တာနေခြည်လင်း |

မှတ်ချက်။ ရာထူးခန့်ထားခြင်းခံရသည့် လက်ထောက်ဆရာဝန် (သစ်လွင်) သည် သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးထံ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့ထက် နောက်မကျစေဘဲ သတင်းပို့ရန်ဖြစ်သည်။

သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးအနေဖြင့် ဖော်ပြပါ လက်ထောက်ဆရာဝန် (သစ်လွင်) အား ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ ကလေးကျန်းမာပညာ၊ အရိုးရောဂါပညာနှင့် မေ့ဆေးပညာတို့အား မဖြစ်မနေ လေ့ကျင့်သင်ကြားပေးနိုင်ရေး တာဝန်ခံဆောင်ရွက်ရန်ဖြစ်သည်။

အမှတ် ၆။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၈ ရက်တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂၃/၂၀၂၀) ဆုံးဖြတ်ချက်အရ

D/Hla Nu/2021 Gazette/ gazette (3) 42

အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ(မေ့ဆေး)၊ လစာနှုန်း(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အမည်နှင့်ယှဉ်တွဲပါ ပါမောက္ခ(မေ့ဆေး)၊ လစာနှုန်း(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူး၊ ဌာနသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | ရာထူးတိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၄၁၉၃ | ဒေါက်တာအောင်ကျော်မိုး<br>M.Med.Sc(Anaes;)<br>Dr.Med.Sc(Anaes;)<br>အထူးကုဆရာဝန်ကြီး/<br>တွဲဖက်ပါမောက္ခ(မေ့ဆေး)<br>ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး<br>(ရန်ကင်း)၊ ရန်ကုန်မြို့ | ပါမောက္ခ(မေ့ဆေး)<br>မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့်<br>သင်ကြားရေးဆေးရုံကြီး၊ ရန်ကုန်မြို့ |

မှတ်ချက်။　ရာထူးတိုးမြှင့်ခြင်းခံရသည့် ပါမောက္ခ(မေ့ဆေး)သည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၇။　၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၈ ရက်တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂၃/၂၀၂၀) ၏ သဘောတူဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၆၉၉၄ | ဒေါက်တာချမ်းမြေ့သိန်း<br>M.Med.Sc (Med Juris;)<br>Dr.Med.Sc (Med Juris;)<br>Dip.Med.Ed<br>DCME<br>တွဲဖက်ပါမောက္ခ<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| ၂။ | ၁၈၁၇၃ | ဒေါက်တာနေမျိုးစစ်<br>M.Med.Sc (Med Juris;)<br>Dr.Med.Sc (Med Juris;)<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) | ပါမောက္ခ<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |

D/Hla Nu/2021 Gazette/ gazette (3) 43

## (ဝန်ကြီးရုံး)

အမှတ် ၈။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၈ ရက်တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂၃/၂၀၂၀) ၏ သဘောတူဆုံးဖြတ်ချက်အရ မေ့ဆေးပညာဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၅၃၉၅ | ဒေါက်တာနီနီအေး<br>M.Med.Sc (Anaes:)<br>Dr.Med.Sc (Anaes:)<br>Dip.Med.Sc (EM)<br>Dip.Med.Ed<br>DCME<br>တွဲဖက်ပါမောက္ခ<br>မေ့ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | ပါမောက္ခ<br>မေ့ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |
| ၂။ | ၁၅၈၅၈ | ဒေါက်တာအောင်ထက်<br>M.Med.Sc (Anaes:)<br>D.A<br>Dr.Med.Sc (Anaes:)<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>မေ့ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ<br>မေ့ဆေးပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |

## (ဝန်ကြီးရုံး)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

အမှတ် ၉။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၀/၂၁၂၉၀ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဝါးတက္ကသိုလ် (ရန်ကုန်)၊ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာရီရီတင် (ဆမ-၁၁၁၇၃) ၏ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ထိုသို့ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၁ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၉/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်)

**မြေလွှဲပြောင်းပေးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ-၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ကမ်းနားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၉၄)၊ မြေကွက်အမှတ် (၁၇/၁)၊ မြေဧရိယာ (၂.၀၀) ဧကရှိ အစိုးရမြေနေရာအား အကောက်ခွန်ဦးစီးဌာန အသုံးပြုရန်အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ အကောက်ခွန်ဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

( ခ ) မြေကို အကောက်ခွန်ဦးစီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်။

( ဂ ) မြေကိုအသုံးပြုရာတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်း မြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၉၄ | ၁၇/၁ | ၂ | ၀၀ | |
| **စုစုပေါင်း** | | | | ၂ | ၀၀ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်-**

အရှေ့လားသော် - ကမ်းနားလမ်း

အနောက်လားသော် - မြေကွက်အမှတ် (၁၇/၂)

တောင်လားသော် - မြေကွက်အမှတ် (၁၇/၂)

မြောက်လားသော် - ရွှေလီလမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၂၀) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၄)၊ မြေကွက်အမှတ် (၁၇/၁)၊ မြေဧရိယာ (၂.၀၀) ဧကရှိ အစိုးရမြေနေရာအား အကောက်ခွန်ဦးစီးဌာန အသုံးပြုရန်အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

D/Hla Nu/2021 Gazette/ gazette (3) 45

## အမိန့်ကြော်ငြာစာအမှတ် (၂၂၀/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေပုဒ်မ-၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂ ဂျီ)၊ မြေကွက်အမှတ် ( $\frac{449A^3}{438}$ + 438 $P^{1/3}$ + **472 $H^3$** )၊ ဧရိယာ (၁.၂၈၇) ဧကရှိ အစိုးရမြေနေရာကို မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီရုံး အသုံးပြုရန်အတွက် ကုသရေးဦးစီးဌာန အမည်ပေါက်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အောက်ပါ စည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီရုံး အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

( ခ ) ထိုမြေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသုံးပြုရန်မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်။

( ဂ ) မြေကို အသုံးပြုရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက်အမှတ် | ခန့်မှန်း မြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | ဗဟန်း | ၂ ဂျီ | $\frac{449A^3}{438}$ + 438 $P^{1/3}$ + **472 $H^3$** | ၁ | ၂၈၇ | |
| စုစုပေါင်း | | | | ၁ | ၂၈၇ | |

၃။ **မြေကွက်အမှတ် ( $\frac{449A^3}{438}$ +438 $P^{1/3}$ + 472 $H^3$ ) နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - လမ်း၊ Right of way၊ မြေကွက်အမှတ် 438 $P^{1/3}$ တစ်စိတ်တစ်ဒေသ

အနောက်လားသော် - မြေကွက်အမှတ် 472 $H^2$, $\frac{472A^2}{438}$

တောင်လားသော် - မြေကွက်အမှတ် - 472 $H^8$, 472 $H^4$, $\frac{472A^4}{438}$

မြောက်လားသော် - မြေကွက်အမှတ် - 448$A^1$

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၀) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂ ဂျီ)၊ မြေကွက်အမှတ် ( $\frac{449A^3}{438}$ + 438 $P^{1/3}$ + **472 $H^3$** )၊ ဧရိယာ (၁.၂၈၇) ဧကရှိ အစိုးရမြေနေရာအား မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီရုံး အသုံးပြုရန်အတွက် ကုသရေးဦးစီးဌာန အမည်ပေါက်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်း ပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၂၁/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၈ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ- ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ချင်းတွင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉ A၁)၊ မြေကွက်အမှတ် (၅/၁၄)၊ မြေဧရိယာ (၀.၇၉၀) ဧကရှိ အစိုးရမြေနေရာကို လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး အသုံးပြုရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို လမ်းဦးစီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် လမ်းဦးစီးဌာနနှင့် ဤဦးစီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | ကမာရွတ် | ၂၉ A၁ | ၅/၁၄ | ၀ | ၇၉၀ | |
| စုစုပေါင်း | | | | ၀ | ၇၉၀ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်-**

အရှေ့လားသော် - ရေမြောင်း

အနောက်လားသော် - ချင်းတွင်းလမ်း

တောင်လားသော် - မြေကွက်အမှတ် - ၅/၁၆ နှင့် ၅/၁၄ B (မိလ္လာပိုက်လိုင်းဟောင်း)

မြောက်လားသော် - မြေကွက်အမှတ် - ၅/၁၄ A (ရေမြောင်း)

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၇) အရ ကမာရွတ်မြို့နယ်၊ ချင်းတွင်းလမ်း၊ မြေတိုင်း ရပ်ကွက်အမှတ် (၂၉ A၁)၊ မြေကွက်အမှတ် (၅/၁၄)၊ မြေဧရိယာ (၀.၇၉၀) ဧကရှိ အစိုးရမြေနေရာကို လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး အသုံးပြုရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

D/Hla Nu/2021 Gazette/ gazette (3) 47

## အမိန့်ကြော်ငြာစာအမှတ် (၂၂၂/၂၀၂၀)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့အက်ဥပဒေပုဒ်မ- ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပန်းဝါလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉ A^၁)၊ မြေကွက်အမှတ် (၅/၁၅)၊ မြေဧရိယာ (၁.၁၄၀) ဧကရှိ အစိုးရမြေနေရာကို လမ်းဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)ရုံး အသုံးပြုရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ လမ်းဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ရုံး အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို လမ်းဦးစီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် လမ်းဦးစီးဌာနနှင့် ဤဦးစီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | ကမာရွတ် | ၂၉ A^၁ | ၅/၁၅ | ၁ | ၁၄၀ | |
| စုစုပေါင်း | | | | ၁ | ၁၄၀ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်-**

အရှေ့လားသော် - မြေကွက်အမှတ် - ၅

အနောက်လားသော် - ပန်းဝါလမ်းသွယ်

တောင်လားသော် - မြေကွက်အမှတ် - ၅

မြောက်လားသော် - မြေကွက်အမှတ် - ၅/၁၁

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၇) အရ ကမာရွတ်မြို့နယ်၊ ပန်းဝါလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉ A^၁)၊ မြေကွက်အမှတ် (၅/၁၅)၊ မြေဧရိယာ (၁.၁၄၀) ဧကရှိ အစိုးရမြေနေရာကို လမ်းဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)ရုံး အသုံးပြုရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

D/Hla Nu/2021 Gazette/ gazette (3) 48

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၁၉/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်)

၁။　ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၄၄/၂၀၂၀) ဖြင့် ဖွဲ့စည်းထားသည့် **ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်း ထုတ်ပြန်ရေးအဖွဲ့** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က)　ဦးရွှေလေး　　အဖွဲ့ခေါင်းဆောင်
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး
(ဖုန်း– ၀၉ ၅၂၀၂၃၂၄၊ ၀၆၇ ၃၄၀၇၀၇၃)

( ခ )　ဦးရဲမင်းဇော်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
အဆောက်အဦဦးစီးဌာန
(ဖုန်း– ၀၉ ၂၅၃၇၀၀၀၀၇၊ ၀၆၇ ၃၄၀၇၀၈၀)

( ဂ )　ဦးအောင်မြင့်ဦး　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
လမ်းဦးစီးဌာန
(ဖုန်း– ၀၉ ၉၆၃၁၈၅၀၀၀၊ ၀၆၇ ၃၄၀၇၇၈၉)

(ဃ)　ဦးနေအောင်ရဲမြင့်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
တံတားဦးစီးဌာန
(ဖုန်း– ၀၉ ၅၁၁၂၈၀၇၊ ၀၆၇ ၃၄၀၇၀၆၉)

( င )　ဦးမင်းထိန်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
(ဖုန်း– ၀၉ ၅၀၄၁၆၅၇၊ ၀၆၇ ၃၄၀၇၀၇၁)

( စ )　ဦးဝဏ္ဏဇော်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
(ဖုန်း–၀၉ ၂၃၀၀၄၂၈၊ ၀၆၇ ၃၄၀၇၁၆၆)

(ဆ)　ဦးသန်းတိုးအောင်　　အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး
(ဖုန်း–၀၉ ၅၁၃၀၈၁၃၊ ၀၆၇ ၃၄၀၇၅၈၄)

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးရန် လိုအပ်သည့်သတင်းများအား အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးခြင်း၊

( ခ ) ဖြစ်ပေါ်နေသည့် အခြေအနေများပေါ် မူတည်သုံးသပ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြိုတင်ဆောင်ရွက် သင့်သည့် သတင်းမီဒီယာလုပ်ငန်းများဆောင်ရွက်ခြင်း၊

( ဂ ) ပြည်တွင်း ပြည်ပရှိ သတင်းဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သတင်းဌာနများမှ မေးမြန်းလာသည့်ကိစ္စများအား ဖြေကြားခြင်း၊

(ဃ) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစုဆောင်း ထုတ်ပြန်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန အဖွဲ့အစည်းများမှ အထောက်အကူ ပေးနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးခြင်း။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၂၀/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက်)

၁။ ဟားခါး-ထန်တလန်-ဆာဆီချောက် လမ်းပေါ်ရှိ ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်)၊ စီမံကိန်း စီမံခန့်ခွဲမှုပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Joint Project Management Committee) (JPMC) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဦးနေအောင်ရဲမြင့် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ခ ) ဦးကျော်ကောင်းချို — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)
တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဂ ) ဦးခင်မောင်ဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဃ) Ms. Amrita Banerjee — အဖွဲ့ဝင်
Second Secretary (LO)
Liaison Office of Embassy of India Nay Pyi Taw

( င ) ဦးမြင့်ဦး — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
ချင်းပြည်နယ်တာဝန်ခံ၊ လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( စ ) ဦးသိန်းမင်းထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နယ်နိမိတ်ဌာန
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဆ) ဦးစိုးနိုင်
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

( ဇ ) ဦးရဲထွန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဈ) ဦးတင်လတ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ည) ဦးဆန်းလွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)၊ လမ်းဦးစီးဌာန
ချင်းပြည်နယ်အစိုးရအဖွဲ့ (ကိုယ်စားလှယ်)

( ဋ ) ဦးဆန်းလွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ချင်းပြည်နယ်၊ လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဌ ) ဒေါ်ထွေးငယ်မြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ
တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဍ ) ဦးဝေမောင် — အဖွဲ့ဝင်
(ပ/၃၉၃၁)
ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး
ဟားခါးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

( ဎ ) ဦးကျော်စန်းယု — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နိုင်ငံတကာနှင့် ပြည်တွင်းရေးရာဦးစီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန

(ဏ) ဦးကျော်နိုင်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(တ) ဦးဇော်ခင်ထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ထ) ဦးဉာဏ်ဖြိုးလင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
ဟားခါးခရိုင်၊ လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဒ ) ဦးရဲသူရ — အဖွဲ့ဝင်
ဦးစီးအရာရှိ
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ချင်းပြည်နယ်၊ ဟားခါးမြို့နယ်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ဓ ) ဦးမြင့်ဝင်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (မြို့ပြ)
ချင်းပြည်နယ်တာဝန်ခံ
တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

( န ) ဦးတင်မောင်ထွေး — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)
တံတားစီမံကိန်းအဖွဲ့ (၁)
တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်) စီမံကိန်း စီမံခန့်ခွဲမှုပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်) တည်ဆောက်မည့်နေရာရှိ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းကိစ္စရပ်များ စိစစ်အတည်ပြုသည့်ကိစ္စ၊ နှစ်နိုင်ငံသံတမန်လမ်းကြောင်းအရ ဆက်သွယ်ဆောင်ရွက်ရမည့်ကိစ္စရပ်များအား အဆင်ပြေစွာဆောင်ရွက်ပေးသည့်ကိစ္စ၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများ ဝင်/ထွက်ခွင့် ရရှိရေး ကိစ္စရပ်များအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊

( ခ ) ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်) သည် ဘွေနူးမြစ်ကိုဖြတ်၍ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် မြန်မာနိုင်ငံ ချင်းပြည်နယ်တို့ကို ဆက်သွယ်တည်ဆောက်မည့် တံတားဖြစ်ပါသည်။ ဘွေနူးမြစ်ကူးတံတား

D/Hla Nu/2021 Gazette/ gazette (3) 52

(ဆာဆီချောက်) အကောင်အထည်ဖော် တည်ဆောက်ရေးအတွက် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တံတားစီမံကိန်းစတင်ပါက လုံခြုံရေးဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊

(ဂ) ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်) မတည်ဆောက်မီကာလအတွင်း မြေယာကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း သက်ဆိုင်ရာဌာနများအချင်းချင်း ပူးပေါင်းဆက်သွယ်ညှိနှိုင်းပေးခြင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊

(ဃ) ပတ်ဝန်းကျင်လေ့လာဆန်းစစ်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊

(င) ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် နယ်စပ်ဖြတ်သန်းခွင့်၊ လူဝင်/ထွက် ကိစ္စရပ်များနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်သွားရန်၊ အထွေထွေကိစ္စရပ်များအတွက် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားရန်၊

(စ) ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်) တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းကိရိယာများ တင်ပို့တင်သွင်းလာပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သတ်မှတ်ထုတ်ပြန်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုင်စင်များခွင့်ပြုပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန်၊

(ဆ) ဘွေနူးမြစ်ကူးတံတား (ဆာဆီချောက်) သည် နှစ်နိုင်ငံနယ်နိမိတ် ဘွေနူးမြစ်ပေါ်တွင် ဖြတ်သန်းတည်ဆောက်မည်ဖြစ်၍ နယ်နိမိတ်သတ်မှတ်မြစ်ချောင်း၏ ရေစီးကြောင်း ပြောင်းလဲမှုမရှိစေရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၂၁/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက်)

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၂၀) ၏ သဘောတူခွင့်ပြုချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဖွဲ့စည်းပုံတွင် တမူးခရိုင်၊ မက်မန်းခရိုင်၊ မန္တလေးခရိုင်နှင့် အမရပူရမြို့နယ်တို့အား အရာထမ်းရာထူး (၄) နေရာ၊ အမှုထမ်းရာထူး (၃၄) နေရာ စုစုပေါင်းရာထူး (၃၈) နေရာဖြင့် အသစ်ဖွဲ့စည်းပြီး လောက်ကိုင်ခရိုင်ရုံးအား အင်အားပြောင်းလဲခြင်းမရှိဘဲ ဒေသအဆင့်ရုံးအဖြစ် ပြောင်းလဲဖွဲ့စည်း၍ အရာထမ်းရာထူး (၅၆၇) နေရာ၊ အမှုထမ်းရာထူး (၂၄၇၁) နေရာ စုစုပေါင်းရာထူး (၃၀၃၈) နေရာဖြင့် တိုးချဲ့ဖွဲ့စည်းလိုက်သည်။

ဟန်ဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

D/Hla Nu/2021 Gazette/ gazette (3) 53

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၀)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

( ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၄ ရက် )

### ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ လုပ်ငန်းများ မှန်ကန်ပြီး အချိန်မီပြီးစီးရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်သွားနိုင်ရန် ဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| ( င ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
